# ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃ ။)

၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၈ ရက်

(၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ၏အမည်ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေ"**

၃။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁။ ဤဥပဒေကို ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဥပဒေဟု ခေါ်တွင်စေရမည်။"

၄။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) နှင့် (င) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) **မူလတန်းကြိုကျောင်း** ဆိုသည်မှာ အသက်သုံးနှစ်ပြည့်ပြီး အသက်ခြောက်နှစ် မပြည့်သေးသော ရှေးဦးအရွယ်ကလေးသူငယ်များနှင့် အသက်ငါးနှစ်ပြည့်ပြီးသော်လည်း သူငယ်တန်းသို့ အပ်နှံခြင်းမပြုသေးသော ရှေးဦးအရွယ်ကလေးသူငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်ခံစားမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်နှင့် ဘဝတစ်သက်တာအတွက် အလေ့အကျင့်ကောင်းများရရှိစေရန် ပြုစုပျိုးထောင်လေ့ကျင့်ပေးသော ဌာန၊ ကျောင်း သို့မဟုတ် လုပ်ငန်းကို ဆိုသည်။

(င) **မူလတန်းကြိုအရွယ်ကလေးများ ဘက်စုံဖွံ့ဖြိုးရေးသင်ရိုးညွှန်းတမ်း** ဆိုသည်မှာ အသက်သုံးနှစ်ပြည့်ပြီး အသက်ခြောက်နှစ် မပြည့်သေးသော ရှေးဦးအရွယ်ကလေးသူငယ်များအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး၊ စိတ်ခံစားမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးမှု ရရှိစေရန်နှင့် ဘဝတစ်သက်တာအတွက် အလေ့အကျင့်ကောင်းများ ရရှိစေရန် ပြုစု

ပျိုးထောင်ရာတွင် လိုက်နာဆောင်ရွက်ရေးအတွက် ဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်သော သင်ရိုးညွှန်းတမ်းကိုဆိုသည်။"

၅။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၅ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေအရ ပေးအပ်သော တာဝန်နှင့်လုပ်ပိုင်ခွင့်များ အပါအဝင် အောက်ပါလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်-"

၆။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေတွင်-

(က) ပုဒ်မ ၇ ၏ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေအရ ပေးအပ်သော တာဝန်နှင့် လုပ်ပိုင်ခွင့်များအပါအဝင် အောက်ပါလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်-"

(ခ) ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ) ၏ နောက်တွင် ပုဒ်မခွဲ(ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဂ) မိဘအုပ်ထိန်းသူ၊ ရပ်ရွာတာဝန်ရှိသူများ၏ ရှေးဦးအရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေး လုပ်ငန်းများနှင့်စပ်လျဉ်းသည့် အကြံပြုချက်၊ တင်ပြချက်များကို လက်ခံရယူခြင်းနှင့် လိုအပ်သလိုပေါင်းစပ်ညှိနှိုင်းပေးခြင်း။"

၇။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈။ (က) ပြည်ပမှ ပုဂ္ဂလိကနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းသည် နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို စီးပွားရေးအကျိုးအမြတ်အလို့ငှာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ တည်ထောင်ဖွင့်လှစ်လိုပါက တည်ထောင်ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းသည် နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို စီးပွားရေးအကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်လိုပါက တည်ထောင်ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ဂ) ပြည်တွင်းမှပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းသည် စီးပွားရေး အကျိုးအမြတ်အလို့ငှာမဟုတ်သော နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြို

ကျောင်းကို တည်ထောင်ဖွင့်လှစ်လိုပါက တည်ထောင်ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက် များနှင့်အညီ လျှောက်ထားရမည်။"

၈။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် -

(က) ပုဒ်မ ၈၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

(ခ) ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) အရ လျှောက်ထားချက်ကို စိစစ်ပြီး တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက သတ်မှတ်ချက်များနှင့်အညီ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရမည်။"

၉။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀ တွင်-

(က) ခြေဆင်းတွင်ပါရှိသော "ပုဒ်မ ၉" ဆိုသည့် စကားရပ်ကို "ပုဒ်မ ၉၊ ပုဒ်မခွဲ (က)" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) ပြည်တွင်းမှ ပုဂ္ဂလိကနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းသည် စီးပွားရေး အကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်ရန် လျှောက်ထားချက်ဖြစ်ပါက တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက သတ်မှတ်ချက်များနှင့်အညီ တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးရမည်။"

၁၀။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၃။ (က) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) တို့အရ တည်ထောင်ခွင့်ပြုမိန့် ရရှိထားသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းသည် တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်လိုပါက ယင်း သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့် အညီ လျှောက်ထားရမည်။

(ခ) ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) အရ တည်ထောင်ခွင့်ပြုမိန့်ရရှိထားသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းသည် တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်လိုပါက ယင်းသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သက်ဆိုင်ရာမြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။”

၁၁။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၁၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် -

(က) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

(ခ) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို စိစစ်ပြီး တည်ထောင်ခွင့်ပြုမိန့်ကို သက်တမ်းတိုးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။”

၁၂။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၁၅ ၏ ခြေဆင်းတွင် ပါရှိသော “ပုဒ်မ ၁၄” ဆိုသည့်စကားရပ်ကို “ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က)” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ ပုဒ်မ ၁၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၁၉။ (က) ပြည်ပမှ ပုဂ္ဂလိကနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းသည် ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို စီးပွားရေးအကျိုးအမြတ်အလို့ငှာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ တည်ထောင်ဖွင့်လှစ်လိုပါက ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့

预览已结束，完整报告链接和二维码如下：
https://www.yunbaogao.cn/report/index/report?reportId=10_752541